မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်

MYANMAR NATIONAL HUMAN RIGHTS COMMISSION

# မဟာဗျူဟာစီမံကိန်း ( ၂၀၂၀ – ၂၀၂၄ )

# STRATEGIC PLAN (2020-2024)

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

# မဟာဗျူဟာစီမံကိန်း (၂၀၂၀- ၂၀၂၄)

# မာတိကာ


၁။ ဥယျောဇဉ် ၃

၂။ နိဒါန်း
- ❖ မဟာဗျူဟာစီမံကိန်း(၂၀၂၀- ၂၀၂၄) ရေးဆွဲခြင်း ၅

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၇
- ❖ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရပ်တည်မှုအခြေအနေ ၇
- ❖ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ ၇
- ❖ အသိအမှတ်ပြုအဆင့်အတန်း ၉
- ❖ နိုင်ငံတကာဆက်ဆံရေး ၉
- ❖ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ချက်အကျဉ်းချုပ် ၁၀

၄။ SWOT နည်းလမ်းအရ သုံးသပ်မှု ၁၁
- ❖ အားသာချက်များ (အကျဉ်းချုပ်) ၁၁
- ❖ အားနည်းချက်များ (အကျဉ်းချုပ်) ၁၂
- ❖ ဦးစားပေးကိစ္စရပ်များ ၁၃

၅။ မျှော်မှန်းချက်၊ တာဝန်၊ ရည်မှန်းချက်ပန်းတိုင်များနှင့် မဟာဗျူဟာစီမံကိန်း ၁၄
- ❖ မျှော်မှန်းချက် ၁၄
- ❖ တာဝန် ၁၄
- ❖ ရည်မှန်းချက်ပန်းတိုင်များ ၁၄
- ❖ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ၁၆

# ဥက္ကဋ္ဌ၏အမှာ

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဆောင်ရွက်မည့် မဟာဗျူဟာစီမံကိန်းဖြစ်ပါသည်။ ၂၀၁၁ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ ဖြင့် ကော်မရှင်ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် ပထမဆုံးချမှတ်ခဲ့သည့် စီမံကိန်းသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကာလအတွက်အကျုံးဝင်ခဲ့ပါသည်။ လက်ရှိကော်မရှင်ကို ၂၀၁၄ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကော်မရှင်ဥပဒေအရ ပြန်လည်ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ကော်မရှင် ဥပဒေတွင်ပါရှိသည့် လုပ်ပိုင်ခွင့်များ၌ ရှင်းလင်းဖော်ပြထားသော လုပ်ငန်းတာဝန်များနှင့်အညီ ကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ပါသည်။

ကော်မရှင်အနေဖြင့် အာရှပစိဖိတ်ဖိုရမ် အတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အကျုံးဝင်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်းကို အောက်ပါ ရည်မှန်းချက်ပန်းတိုင် ၅ ရပ်အပေါ်အခြေခံ၍ အကောင်အထည်ဖော်ရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည် -

၁။ လူ့အခွင့်အရေး အသိပညာပြန့်ပွားရေးနှင့် လူ့အခွင့်အရေးအားပေးထောက်ခံမှုကို မြှင့်တင်ရန်

၂။ ဥပဒေများ၊ မူဝါဒများနှင့်အစီအစဉ်များသည် လူ့အခွင့်အရေးနှင့် ကိုက်ညီမှုရှိစေရန်အတွက် လွှတ်တော်နှင့်အစိုးရတို့ကို ကူညီရန်နှင့် အားပေးတိုက်တွန်းရန်

၃။ လူ့အခွင့်အရေးဖောက်ဖျက်မှုများကို စောင့်ကြည့်၍စုံစမ်းစစ်ဆေးပြီး ဖောက်ဖျက်ခံရသူများအား ကုစားမှုရရှိရေးအတွက် ကူညီရန်

၄။ နိုင်ငံတကာတွင်လည်းကောင်း၊ပြည်တွင်း၌လည်းကောင်း လူ့အခွင့်အရေးဥပဒေနှင့် လူ့အခွင့်အရေး ယန္တရားများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကမကထပြုဆောင်ရွက်ရန်နှင့် အားပေးတိုက်တွန်းရန်

၅။ ထိရောက်မှု ရှိနိုင်သမျှအရှိဆုံး ဆောင်ရွက်သည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန်အလို့ငှာ ကော်မရှင်၏ ဖွဲ့စည်းမှုပုံစံများနှင့်လုပ်ငန်းများကိုရေးဆွဲဆောင်ရွက်ရန်နှင့် ဝန်ထမ်းများအားလေ့ကျင့်သင်ကြားပေးရန်

ကော်မရှင်သည် လက်ရှိစီမံကိန်း ရေးဆွဲချမှတ်ခြင်းမပြုနိုင်မီ ၂၀၁၄-၂၀၁၆ မဟာဗျူဟာစီမံကိန်းကို ၂၀၁၆ ခုနှစ် ကျော်လွန်သည့်တိုင် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် လူ့အခွင့်အရေးကိုလေးစားမြှင့်တင် ကာကွယ်စောင့်ရှောက်ဖြည့်ဆည်းသည့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်နိုင်ရေးအတွက်လည်း အပြုသဘော ပံ့ပိုးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ၌ ကော်မရှင်သည် အာရှပစိဖိတ်ဖိုရမ်နှင့် ညှိနှိုင်းပြီးနောက်၊ စွမ်းဆောင်ရည်ဆန်းစစ်မှုသည် ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေး ပိုမိုခိုင်မာစေရန်အတွက် လိုအပ်သော အချက်အလက်များ ရရှိစေနိုင်မည်ကို လက်ခံသဘောတူခဲ့ပါသည်။

ကော်မရှင်သည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အာရှပစိဖိတ်ဖိုရမ်တို့၏ ပံ့ပိုးမှုဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် တနင်္လာနေ့မှ နိုဝင်ဘာလ ၁၆ ရက် သောကြာနေ့အထိ စွမ်းဆောင်ရည်ဆန်းစစ်မှု ပြုလုပ်ခဲ့ပါသည်။ ဆန်းစစ်မှုတွင် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလုံး စုစုပေါင်း ၈၆ ယောက်တို့ ပါဝင်ခဲ့ကြပါသည်။

ကော်မရှင်အဖွဲ့ဝင်များ၊ဝန်ထမ်းများနှင့်ပြင်ပမှသက်ဆိုင်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းခဲ့ကြသည့် စွမ်းဆောင်ရည်ဆန်းစစ်မှုအရ ကော်မရှင်အတွက် ၃-၅ နှစ် မဟာဗျူဟာစီမံကိန်းတစ်ရပ် ရေးဆွဲရန် ဖြစ်ပေါ်စေခဲ့ပါသည်။ မဟာဗျူဟာစီမံကိန်းတွင် အကောင်အထည်ဖော်ရေး၊ စောင့်ကြည့်ရေးနှင့် အကဲဖြတ်ရေးတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် တိကျသော ရည်မှန်းချက်များနှင့် ပွင့်လင်း မြင်သာသော လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းတွင်ပါရှိသည့် ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည် ဖော်ရန်အတွက် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်တစ်ရပ်အဖြစ် အသုံးပြုမည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ကို တင်ပြအပ်ပါသည်။

ဝင်းမြ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နိဒါန်း

## မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ရေးဆွဲခြင်း

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်သည် အောက်ပါမူ (၂) ရပ်ပေါ်တွင် အခြေခံထားပါသည် -

- ကောင်းမွန်သော မဟာဗျူဟာစီမံကိန်းဟူသည် အဖွဲ့အစည်းတစ်ရပ်လုံး ပါဝင်ပတ်သက်၍ တစ်ဦးတစ်ယောက်ချင်းစီ၏အမြင်များ ဖော်ပြနိုင်ခွင့် ရှိရမည်ဖြစ်ပြီး အဖွဲ့အစည်းတစ်ရပ်လုံးက ၎င်းစီမံကိန်းကို မိမိတို့ကိုယ်ပိုင်အဖြစ်သတ်မှတ်၍ စီမံကိန်းကို လည်းကောင်း၊ စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် လည်းကောင်း ခိုင်မာစွာ ဆုံးဖြတ်ပြီး ဖြစ်ရပါမည်။
- ကောင်းမွန်သောမဟာဗျူဟာစီမံကိန်းဟူသည်ပြင်ပမှပါဝင်ပတ်သက်သူများ၏အကြံဉာဏ်များနှင့် စိုးရိမ်ပူပန်မှုများကို လက်ခံနိုင်ရမည်ဖြစ်ပြီး ၎င်းတို့၏ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို အသိအမှတ်ပြုကာအဖွဲ့အစည်း၏ အနာဂတ်အတွက် စီမံကိန်းရေးဆွဲရာတွင် ၎င်းတို့ပါဝင်ရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် အဆင့် ၃ ဆင့်ပါဝင်ပါသည် -

၁။ ကော်မရှင် အဖွဲ့ဝင်များနှင့် အကြီးတန်းအရာရှိများအပါအဝင် အားလုံးပါရှိသည့် လုပ်ငန်းစဉ်ဖြင့် မဟာဗျူဟာစီမံကိန်းမူကြမ်းကို ရေးဆွဲခြင်း

၂။ မူကြမ်းနှင့်ပတ်သက်၍ ကော်မရှင်မှ ဝန်ထမ်းအားလုံး၊ ပြင်ပမှ အဓိက သက်ဆိုင်သူများဖြစ်ကြသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့ရှိ အစိုးရ အေဂျင်စီများအကြား ကျယ်ပြန့်စွာညှိနှိုင်းခြင်း

၃။ မဟာဗျူဟာ စီမံကိန်းမူကြမ်းကို စိစစ်တည်းဖြတ်ခြင်း၊ စီမံကိန်းချမှတ်ခြင်းနှင့် ၎င်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ပထမတစ်နှစ်တာ လုပ်ငန်းစီမံချက် ရေးဆွဲခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဆောင်ရွက်ခဲ့သည့် အလုံးစုံ စွမ်းဆောင်ရည်ဆန်းစစ်မှုမှ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များအရ စီမံကိန်းကို ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

ဤ မဟာဗျူဟာစီမံကိန်း၌ ကော်မရှင်၏ မျှော်မှန်းချက်နှင့် တာဝန်ဖော်ပြချက်တို့ ပါဝင်ပါသည်။ ၎င်းတွင် ရည်မှန်းချက် ပန်းတိုင် ၆ ရပ် ရှိပါသည်။ ရည်မှန်းချက်ပန်းတိုင် တစ်ရပ်ချင်းစီတွင် တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော ရည်ရွယ်ချက်များ၊ သတ်မှတ်ထားသော မဟာဗျူဟာမြောက် ဆောင်ရွက် ချက်များ (အဓိက ဆောင်ရွက်ရန်အချက်များ)၊ ရည်ရွယ်သည့် အုပ်စုများ၊ ဆောင်ရွက်ချက်များနှင့် အညွှန်းကိန်းများ ပါဝင်ပါသည်။

၂၀၂၀ ခုနှစ်မှ စတင်သည့် နှစ်စဉ် လုပ်ငန်းစီမံချက်များအား မဟာဗျူဟာစီမံကိန်းကို အခြေခံ၍ ရေးဆွဲ ဆောင်ရွက်မည် ဖြစ်ပါသည်။

ညှိနှိုင်းဆွေးနွေးသည့်လုပ်ငန်းစဉ်၌ သဘောထားမှတ်ချက်များနှင့် အကြံပြုချက်များ ပေးကြသည့်အတွက် ကော်မရှင်အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် မဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းစဉ်းစားခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရပ်တည်မှုအခြေအနေ

၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ထိုစဉ်က နိုင်ငံတော်သမ္မတ သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် ကော်မရှင်ကို အဖွဲ့ဝင် ၁၅ဦးဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကော်မရှင်သည် ကနဦးအစတွင် သမ္မတရုံး၏ ဘတ်ဂျက်မှ ရန်ပုံငွေခွဲဝေချထားမှုအပေါ် မှီခိုခဲ့ရပါသည်။ ၂၀၁၆ ခုနှစ်မှ စတင်၍ နိုင်ငံတော်၏ ဘဏ္ဍာငွေ တိုက်ရိုက် ခွဲဝေချထားပေးမှု ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ (ဥပဒေအမှတ် ၂၁/၂၀၁၄၊ နောင်တွင် ကော်မရှင် ဥပဒေဟု ရည်ညွှန်းမည်) ကို ၂၀၁၄ ခုနှစ်၊ မတ်လတွင် ပြဋ္ဌာန်းပြီးနောက် ကော်မရှင်သည် ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်လာပါသည်။ ကော်မရှင် ဖွဲ့စည်းတည်ထောင်သည့် ဥပဒေအရ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် အဖွဲ့ဝင် ၁၁ ဦးကို ၅ နှစ် သက်တမ်းအတွက် ခန့်အပ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် အဖွဲ့ဝင် လေးဦးနှုတ်ထွက်ခဲ့ပြီးနောက် ၂၀၁၈ခုနှစ် ဧပြီလတွင် အဖွဲ့ဝင် သုံးဦးကို အစားထိုး ခန့်အပ်ခဲ့ပါသည်။

## လုပ်ပိုင်ခွင့်၊ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ

ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကော်မရှင်၌ အောက်ပါ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ ရှိပါသည်-

(က) လူ့အခွင့်အရေး ပညာပေးရေးနှင့် လူ့အခွင့်အရေး အသိပညာပြန့်ပွားရေးကို မြှင့်တင် ဆောင်ရွက်ခြင်း

(ခ) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း

(ဂ) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆို ထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အကြံပြုတင်ပြခြင်း

(ဃ) နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်မှု ယန္တရားများသို့ တင်သွင်းမည့်အစီရင်ခံစာများ ပြုစုရာတွင် အစိုးရအဖွဲ့အားပံ့ပိုးကူညီခြင်း

(င) စုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားသည့်နေရာများသို့သွားရောက်ခြင်းတို့ အပါအဝင်လူ့အခွင့်အရေးဖောက်ဖျက်ကြောင်းတိုင်တန်းချက်များကိုစုံစမ်းစစ်ဆေးခြင်း

(စ) အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို သွားရောက် စစ်ဆေး ခြင်း

(ဆ) အရပ်ဘက်အဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများနှင့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အပါအဝင် အခြားသော နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေး ယန္တရားများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ထိတွေ့ဆောင်ရွက်ခြင်း

(ဇ) နှစ်ပတ်လည်အစီရင်ခံစာနှင့် လိုအပ်ပါက အထူးအစီရင်ခံစာတို့ကို လွှတ်တော်၊ အစိုးရ သို့မဟုတ် နိုင်ငံတော်သမ္မတထံသို့ သင့်လျော်သလို တင်သွင်းခြင်း

(ဈ) ကော်မရှင်၏ တာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း

ဤရည်ရွယ်ချက်များအတွက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများနှင့် နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များ (လက်ရှိတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံသည့် ပုံသဏ္ဍာန်အားလုံးပပျောက်ရေး သဘောတူစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးတို့နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်) တွင် ပါရှိသည့် လူ့အခွင့်အရေးများကို "လူ့အခွင့်အရေး" ဟု ကော်မရှင် ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

## အသိအမှတ်ပြုအဆင့်အတန်း

အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာကမ္ဘာ့အဖွဲ့ကြီး၏ အဆင့်သတ်မှတ်ရေးဆိုင်ရာ ဆပ်ကော်မတီသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကော်မရှင်၏ အဆင့်အတန်းကို သုံးသပ်ပြီး 'ဘီ' အဆင့် အဖြစ် အသိအမှတ် ပြုခဲ့ပါသည်။

'ဘီ' အဆင့်သတ်မှတ်ရန်အတွက် အကြံပြုတိုက်တွန်းရာတွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး၏ အဆင့်သတ်မှတ်ရေးဆိုင်ရာ ဆပ်ကော်မတီက အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် –

"အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းကို ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ကို ဆပ်ကော်မတီကကြိုဆိုပါသည်။ လူ့အခွင့်အရေး ကျင့်သုံးရေးနှင့် စပ်လျဉ်း၍ အဓိကသက် ဆိုင်သူများအား အသိပညာပေးရန် ကော်မရှင်၏ပေါင်းစပ်ညှိနှိုင်းရေးအစီအစဉ်ကို အထူးမှတ် သားလျက်၊ ကော်မရှင်သည် စိန်ခေါ်မှုများရှိနေသည့်အကြားမှ လူ့အခွင့်အရေးမြှင့်တင်ရန်ဆက်လက်ကြိုးပမ်း အားထုတ်နေမှုကို ဆပ်ကော်မတီက ချီးကျူး ဂုဏ်ပြုပါသည်။"

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွက် 'အေ' အဆင့် ရရှိရန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆပ်ကော်မတီက သတ်မှတ်ပေးခဲ့ပါသည်။ ဆပ်ကော်မတီက ကော်မရှင်အား ၎င်း၏ လုပ်ပိုင်ခွင့်များဆောင်ရွက်ရာတွင် ကျယ်ပြန့်စွာ၊ လွတ်လပ်စွာနှင့် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ရန်နှင့် အားလုံး၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး ဆောင်ရွက်ရန်တို့ကို အားပေးတိုက်တွန်းခဲ့ပါသည်။ ဆပ်ကော်မတီ၏ အကြံပြုတိုက်တွန်းချက်အများအပြားကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က အကောင်အထည်ဖော်ဆောင် ရွက်ခဲ့ပြီးဖြစ်ပါသည်။ [1]

## နိုင်ငံတကာ ဆက်ဆံရေး

ကော်မရှင်သည် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) ၏ တွဲဖက်အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRI) ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

1 http://nhri.ohchr.org/EN/AboutUs/GANHRIAccreditation/Documents/SCA%20FINAL% 20REPORT%20-%20NOVEMBER%202015-English.pdf

## ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ချက် အကျဉ်းချုပ်

ကော်မရှင်၏ ပထမ မဟာဗျူဟာစီမံကိန်းသည် ၂၀၁၄ ခုနှစ် မှ ၂၀၁၆ ခုနှစ် အထိ ဆောင်ရွက်ရန် ဖြစ်ပါသည်။ ကော်မရှင်သည် စီမံကိန်းတွင် ဖော်ပြပါရှိသည့် ရည်မှန်းချက်ပန်းတိုင်များနှင့် ဆောင်ရွက်ရန်အချက်များကို လက်ရှိအချိန်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ရည်မှန်းချက်ပန်းတိုင်များမှာ–

ရည်မှန်းချက်ပန်းတိုင်(၁)– လူ့အခွင့်အရေးအသိပညာပြန့်ပွားရေးနှင့်လူ့အခွင့်အရေးအား ပေးထောက်ခံ မှုကိုမြှင့်တင်ရန်

ရည်မှန်းချက်ပန်းတိုင်(၂)– ဥပဒေများ၊ မူဝါဒများနှင့်အစီအစဉ်များသည် လူ့အခွင့်အရေးနှင့် ကိုက်ညီမှုရှိစေရန်အတွက် လွှတ်တော်နှင့်အစိုးရတို့အား ကူညီရန်နှင့် အားပေးတိုက်တွန်းရန်

ရည်မှန်းချက်ပန်းတိုင်(၃)– လူ့အခွင့်အရေးဖောက်ဖျက်မှုများကို စောင့်ကြည့်၍ စုံစမ်းစစ်ဆေးပြီး ဖောက်ဖျက်ခံရသူများအားကုစားမှုရရှိရေးအတွက် ကူညီရန်

ရည်မှန်းချက်ပန်းတိုင်(၄)– နိုင်ငံတကာတွင်လည်းကောင်း၊ ပြည်တွင်း၌လည်းကောင်း လူ့အခွင့်အရေးဥပဒေနှင့် လူ့အခွင့်အရေး ယန္တရားများဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ကမကထပြုဆောင်ရွက်ရန်နှင့် အားပေးတိုက်တွန်းရန်

ရည်မှန်းချက်ပန်းတိုင်(၅)– ထိရောက်မှု ရှိနိုင်သမျှအရှိဆုံး ဆောင်ရွက်သည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန် အလို့ငှာ ကော်မရှင်၏ဖွဲ့စည်းမှုပုံစံများနှင့်လုပ်ငန်းများကို ရေးဆွဲဆောင်ရွက်ရန်နှင့်ဝန်ထမ်းများအား လေ့ကျင့် သင်ကြားပေးရန်

# SWOT နည်းလမ်းအရ သုံးသပ်မှု

စွမ်းဆောင်ရည်ဆန်းစစ်မှုဆောင်ရွက်စဉ်တွင် ကော်မရှင် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ပြင်ပမှသက်ဆိုင်သူများသည် ကော်မရှင်၏ အားသာချက်များ၊ အားနည်းချက်များနှင့် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင် အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးများသည် မဟာဗျူဟာစီမံကိန်း ရေးဆွဲရေးလုပ်ငန်း၏ ကဏ္ဍတစ်ရပ်အနေဖြင့် ကော်မရှင်၏ အားသာချက်များနှင့် အားနည်းချက်များကို အသေးစိတ်သုံးသပ်ခဲ့ကြပါသည်။ ထို့ပြင် ကော်မရှင်အတွက် အခွင့်အလမ်းနှင့် အခက်အခဲများကိုလည်း သတ်မှတ်နိုင်ခဲ့ကြပါသည်။

## အားသာချက်များ ( အကျဉ်းချုပ် )

- ကော်မရှင်ကို ဥပဒေအရ ဖွဲ့စည်းခြင်း
- ကော်မရှင် ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များကို ဒုတိယဝန်ကြီး အဆင့်အဖြစ်လည်းကောင်း သတ်မှတ်ခြင်း
- ပိုမိုလေ့လာလိုစိတ်၊ ပိုမိုလုပ်ကိုင်လိုစိတ်ရှိပြီး လုပ်ငန်းအပေါ်သစ္စာရှိသည့် ဝန်ထမ်းများ ရှိ ခြင်း
- ဘဏ္ဍာငွေကြေးကို လွတ်လပ်စွာသုံးစွဲနိုင်မှု တိုးတက်လာခြင်း၊ သီးခြားဘတ်ဂျက်ရရှိခြင်း
- ရုံးခွဲများ စတင်ဖွင့်လှစ်လာခြင်း
- လွှတ်တော်နှင့် ဆက်ဆံရေး
- တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတို့တွင် လူ့အခွင့်အရေး အသိပညာပြန့်ပွားရေးနှင့် လူ့အခွင့်အရေးပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်း
- အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း တို့သို့ စောင့်ကြည့်လေ့လာခြင်းနှင့် တိုးတက်မှုများ တွေ့ရှိရခြင်း
- ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း
- ကော်မရှင်၏ တိုင်တန်းမှုလုပ်ငန်းစဉ်အပေါ် အစိုးရဌာနများက လေးစားမှုရှိခြင်း
- ကော်မရှင်၏ ဥပဒေနှင့် မူဝါဒအပိုင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်များအပေါ် နိုင်ငံတော်သမ္မတ၏ တုံ့ပြန်မှုများ
- အမျိုးသမီးရေးရာ၊ ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူအခွင့်အရေး၊ လူကုန်ကူးမှု

တိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီတို့၌ ကော်မရှင်က အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း

- ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) ၌ ကော်မရှင်က ပါဝင်ဆောင်ရွက်ခြင်း
- SEANF၊ APF နှင့် GANHRI တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း

## အားနည်းချက်များ (အကျဉ်းချုပ်)

- ကော်မရှင် အဖွဲ့ဝင်များအကြား ကျား–မ မျှတမှုမရှိခြင်းနှင့် မတူကွဲပြားစွာ ပါဝင်မှု အကန့် အသတ်ရှိခြင်း
- ဝန်ထမ်းများ၏ အုပ်ချုပ်မှုအဆင့်များတွင် ကျား–မ မျှတမှုမရှိသေးခြင်း
- ဝန်ထမ်းများအကြား မတူကွဲပြားမှု မရှိခြင်း
- အရည်အချင်းပြည့်မီသော ဝန်ထမ်းများ ခန့်အပ်ရန်နှင့် ထိန်းထားရန် အခက်အခဲရှိခြင်း
- မူဝါဒရေးရာ သုတေသနပြုမှု စွမ်းဆောင်ရည်မရှိခြင်း

ထို့ပြင် ကော်မရှင်၌ အောက်ပါအားနည်းချက်များလည်း ရှိပါသည်–

- အများပြည်သူအကြား ကော်မရှင်၏ အကြောင်း သိရှိမှု အကန့်အသတ်ရှိခြင်း
- လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် အသိပညာပြန့်ပွားရေး ဆောင်ရွက်ရန် နည်းလမ်းများနှင့် သင်ထောက်ကူပစ္စည်းများ သုံးစွဲမှုတို့တွင် အကန့်အသတ်ရှိခြင်း
- ပြည်နယ်များမှ တိုင်တန်းချက် ရရှိမှု နည်းပါးခြင်း
- အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အကန့်အသတ်ရှိခြင်း

ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုကိုထိပါးစေပြီး ကော်မရှင်အတွက် စိန်ခေါ်မှုများဖြစ်စေသည့် ပြင်ပအခြေအနေများတွင် ထူးခြားသည့်အကြောင်းအချက်များ ရှိပါသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင် ကူးပြောင်းရေး ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူ့အခွင့်အရေးအကြောင်းကို နားလည်မှုနည်းပါးပါသည်။ ကိစ္စရပ်များစွာတွင် အာဏာပိုင်များကိုဆန့်ကျင်၍ တိုင်တန်းမှု သို့မဟုတ် ပြောဆိုမှု ပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ် လာနိုင်မည့် တုန့်ပြန်မှုဂယက်ကို ပြည်သူများက စိုးရိမ်ကြောင့်ကြ လျက်ရှိကြပါသည်။

မြန်မာနိုင်ငံအတွင်း၌ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြရသူများ၊ တိုက်ပွဲဖြစ်ပွားသည့်ဒေသရှိ ပြည်သူများ၊ နယ်စပ်ဒေသရှိ ပြည်သူများနှင့် နိုင်ငံမဲ့များရှိကြပြီး ၎င်းတို့သည် ဘေးဖယ်ခံထားရဆုံးသူများ ဖြစ်ကြပါသည်။ ကော်မရှင်သည် ဤကိစ္စများကို လုပ်ဆောင်ရန်နှင့် အများပြည်သူတို့၏ ယုံကြည်မှု တည်ဆောက်ရန် အရေးကြီးကြောင်းကို အသိအမှတ်ပြုပါသည်။

## ဦးစားပေးကိစ္စရပ်များ

ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အောက်ပါကိစ္စရပ်များကို မြန်မာနိုင်ငံ၌ အရေးပါသော လူ့အခွင့်အရေး ကိစ္စရပ်များအဖြစ် သတ်မှတ်ကြပါသည်–

- ကျား–မ၊ လူမျိုးနှင့် ဘာသာကို အခြေပြု၍ ခွဲခြားဆက်ဆံမှုများ
- ပဋိပက္ခများနှင့် ဘာသာရေးသဟဇာတမဖြစ်မှုတို့ကြောင့် ပေါ်ပေါက်လာသည့် လူမှုရေးသဟဇာတမဖြစ်မှုများ
- ညှင်းပမ်းနှိပ်စက်မှုများ
- အမျိုးသမီးများအခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ဖေါက်ဖျက်ခြင်း (အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အရွယ်မရောက်သေးသည့် မိန်းကလေးများအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု)
- ကလေးသူငယ်များ၏ အခွင့်အရေးများကိုဖေါက်ဖျက်ခြင်း (အမြတ်ထုတ်ခြင်း၊ အစေခံစေခိုင်းခြင်း၊ လမ်းပျော်ကလေးများကိစ္စ)
- မသန်စွမ်းသူများအခွင့်အရေး (လိင်ပိုင်းဆိုင်ရာ ဖေါက်ဖျက်မှု၊ မဲပေးပိုင်ခွင့်)
- ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အခွင့်အရေးများ ဖေါက်ဖျက်ခြင်း
- ကျောင်းနေကလေးသူငယ်များနှင့် အများပြည်သူများ၌ လူ့အခွင့်အရေးဗဟုသုတမရှိခြင်း
- အလုပ်ခွင်အခြေအနေ နိမ့်ကျခြင်းနှင့် အလုပ်သမားအခွင့်အရေးမရှိခြင်း/ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးကိစ္စရပ်များ
- အသက်ကြီးသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု

- အခြားနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် မြန်မာနိုင်ငံတွင်လုပ်ကိုင်နေသည့် အခြားနိုင်ငံသားများတို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ
- ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ
- လူကုန်ကူးမှုများ

# မျှော်မှန်းချက်၊ တာဝန်၊ ရည်မှန်းချက်ပန်းတိုင်များနှင့် မဟာဗျူဟာစီမံကိန်း

## မျှော်မှန်းချက်

လူ့အခွင့်အရေးကို လေးစား၊ မြှင့်တင်၊ ကာကွယ်စောင့်ရှောက်၊ ဖြည့်ဆည်းသည့် မြန်မာ့လူ့အဖွဲ့အစည်း ပေါ်ပေါက်ရေး

## တာဝန်

ကျွန်ုပ်တို့သည် မိမိတို့၏ မျှော်မှန်းချက်အောင်မြင်စေရန်အလို့ငှာ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့မှတစ်ဆင့် လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် တန်းတူရည်တူရှိမှုတို့ကို လေးစားမှု ရှိရေးအတွက် စိတ်အားထက်သန်စွာ လုပ်ကိုင်ဆောင်ရွက်ရေး

## ရည်မှန်းချက်ပန်းတိုင်များ

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အပေါ် ပြည်သူလူထုက ပိုမို၍ ယုံကြည်အားထား လာစေရေး

၂။ လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးတို့ကို ဆောင်ရွက်ခြင်းအားဖြင့် မြန်မာ နိုင်ငံ၌ လူ့အခွင့်အရေးယဉ်ကျေးမှုတစ်ရပ် ဖန်တီးရေး

၃။ မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးဖောက်ဖျက်မှုများ လျှော့ချရေး

၄။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆိုခြင်းမှတစ်ဆင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး

၅။ နိုင်ငံတကာလူ့အခွင့်အရေးယန္တရားများ၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ခြင်းမှ တစ်ဆင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အဆင့်အားလုံးတွင် အရည်အချင်း ပြည့်ဝပြီး လုပ်ငန်းအပေါ် သစ္စာရှိသည့် ဝန်ထမ်းများ ပါဝင်သည့် ဝန်ထမ်းအဖွဲ့တစ်ရပ် ဖြစ်ပေါ်လာစေရေး

## မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)

- **ရည်မှန်းချက်ပန်းတိုင်များ** ဆိုသည်မှာ ကျယ်ပြန့်ပြီး ရေရှည်တွင် ရရှိမည့် အကျိုးရလဒ်များအတွက် ကော်မရှင်က လုပ်ကိုင်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရည်ညွှန်းပါသည်။

- **ရည်ရွယ်ချက်များ** ဆိုသည်မှာ ကာလလတ်အတွက် ကော်မရှင်က ရည်ရွယ်သည့် ကိစ္စရပ်များ ဖြစ်ပါသည်။

- **မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များ** ဆိုသည်မှာ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ကော်မရှင်၏ အဓိကဆောင်ရွက်ရမည့် ကိစ္စရပ်များ ဖြစ်ပါသည်။

- **ရည်ရွယ်သည့် အုပ်စုများ** ဆိုသည်မှာ ကော်မရှင်၏ မဟာဗျူဟာမြောက်ဆောင်ရွက်ချက်များကို အဓိကထား၍ လုပ်ဆောင်ပေးရန် သတ်မှတ်သည့် အုပ်စုများ ဖြစ်သည်။

- **ဆောင်ရွက်ချက်များ** ဆိုသည်မှာ မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များကို မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- **အညွှန်းကိန်းများ** ဆိုသည်မှာ ကော်မရှင်၏ မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ချက်များသည် ရည်ရွယ်ချက်များအပေါ် အောင်မြင်စွာ ဆောင်ရွက်နိုင်မှုကို ကော်မရှင်က မည်ကဲ့သို့ စောင့်ကြည့်မည်ကို ရှင်းလင်းဖော်ပြခြင်းဖြစ်ပါသည်။

## ရည်မှန်းချက် ပန်းတိုင် (၁) - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အပေါ် ပြည်သူလူထုက ပိုမို၍ ယုံကြည်အားထား လာစေရေး

၁.၁ ရည်ရွယ်ချက် – ပါရီအခြေခံမူကို အပြည့်အဝလိုက်နာသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းအဖြစ် ကော်မရှင်၏ လုပ်ဆောင်ချက် ထိရောက်မှုကို ပြသရန်

| မဟာဗျူဟာမြောက်ဆောင်ရွက်ချက်များ | ရည်ရွယ်သည့် အုပ်စုများ (အခွင့်အရေးရရှိသူနှင့် လုပ်ဆောင်ရန်တာဝန်ရှိသူများ) | ဆောင်ရွက်ချက်များ | အညွှန်းကိန်းများ |
|---|---|---|---|
| မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ ခိုင်မာစေရေးအတွက် လုပ်ပိုင်ခွင့် နှင့် အခြား ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ချက်များ အားကောင်းစေရန် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေပြင်ဆင်ချက်ကို ထောက်ခံအားပေးရန် | ဥပဒေပြုရေး<br>အုပ်ချုပ်ရေး<br>တရားစီရင်ရေး | ဥပဒေပြင်ဆင်ချက်ရေးဆွဲ ပြင်ဆင်ခြင်း<br>တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အရပ်ဘက် အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ပြင်ဆင်ပြောင်းလဲရေးအတွက် အထောက်အထားနှင့် ကြောင်းကျိုးဖော်ပြချက်များ တင်ပြခြင်း<br>ကော်မရှင်ဥပဒေ ပြင်ဆင်ချက် ပြဋ္ဌာန်းရန် တတ်သိ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် ကုလသမဂ္ဂအေဂျင်စီများ၏ပံ့ပိုးမှုဖြင့် လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် သက်ဆိုင်ရာ အာဏာပိုင်များအား ထောက်ခံအားပေးခြင်း | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပြင်ဆင်ချက်နှင့် အခြား ဆက်စပ်သော ဥပဒေပြင်ဆင်ချက်များ |
| ဝေးလံခေါင်းပါးသည့်ဒေသရှိ အများပြည်သူ အပါအဝင် ထိရှလွယ်သည့်ပြည်သူအားလုံး ကော်မရှင်နှင့် လွယ်ကူစွာ ဆက်သွယ် ဆောင်ရွက်နိုင်ရန် | အထူးအားဖြင့်ဝေးလံခေါင်ပါး သည့်ဒေသများ၊ပဋိပက္ခဖြစ်နေသည့်ဒေသများ၊<br>IDP စခန်းများ၊နယ်စပ်ဒေသရှိ ကျေးလက်များနှင့်ပြည်ပနိုင်ငံများအထိ တိုးချဲ့ ဆောင်ရွက်ရေး<br>အမျိုးသမီးအဖွဲ့အစည်းများ အပါအဝင် လူငယ်များနှင့် အရပ်ဘက်အဖွဲ့အစည်း များ | ရုံးခွဲများဖွင့်လှစ်ရန်အတွက်ဦးစားပေးနေရာများဆုံးဖြတ်ခြင်း<br>ရုံးခွဲအသစ်များအား ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဘဏ္ဍာငွေ ခွဲဝေချထားပေးမှုအရ ဖွင့်လှစ်ခြင်း<br>သင့်လျော်သည့် လွှတ်တော်ကော်မတီများ၏ ပံ့ပိုးမှုဖြင့်ကွင်းဆင်း စစ်ဆေးခြင်း၊ စောင့်ကြည့် လေ့လာခြင်း၊ အသိပညာ ပြန့်ပွားရေး လုပ်ဆောင်ခြင်း၊ ဒေသခံများနှင့်လူ့အခွင့်အရေး ဆွေးနွေးပွဲ ကျင်းပခြင်းစသည့် ဆောင်ရွက်ချက်များ တိုးမြှင့်ခြင်းဖြင့် ဝေးလံသောဒေသနှင့် ထိတွေ့မှုတိုးချဲ့ခြင်း ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရန်အတွက် ရေးဆွဲဆောင်ရွက်ခြင်း အပါအဝင် လူငယ်များနှင့် တွေ့ထိမှု တိုးမြှင့်ခြင်း<br>အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုံမှန် တွေ့ဆုံ ခြင်း | ဖွင့်လှစ်သည့် ရုံးခွဲအရေအတွက်<br>လက်ခံရရှိသည့် တိုင်တန်းချက် အရေအတွက် တိုးမြှင့်လာခြင်း<br>ကော်မရှင်ရုံးချုပ်နှင့်ရုံးခွဲများသို့ ဆက်သွယ်လာသူ အရေအတွက်တိုးမြှင့်လာခြင်း<br>ကွင်းဆင်းစစ်ဆေးသည့်အရေအတွက် စောင့်ကြည့်လေ့လာသည့်ခရီးစဉ် အရေအတွက်<br>နေပြည်တော်နှင့် ရန်ကုန်တို့မှ ဝေးကွာ သည့်ဒေသများတွင်လူ့အခွင့်အရေး အသိပညာပေးရေးနှင့်ဆွေးနွေးပွဲ အရေအတွက် လူငယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း |

## ၁.၂ ရည်ရွယ်ချက်– ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုတို့နှင့်စပ်လျဉ်း၍ ကော်မရှင်၏အကြောင်း အများပြည်သူအကြား ပိုမိုသိရှိစေရန်

| မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များ | ရည်ရွယ်သည့် အုပ်စုများ (အခွင့်အရေးရှိသူနှင့် လုပ်ဆောင်ရန်တာဝန်ရှိသူများ) | ဆောင်ရွက်ချက်များ | အညွှန်းကိန်းများ |
|---|---|---|---|
| ကော်မရှင်အတွက် အားပေး ဆောင်ရွက်မှုလုပ်ငန်းနှင့် ဆက်သွယ်ရေး မဟာဗျူဟာတို့ကို ရေးဆွဲ အကောင် အထည်ဖော်ရန် | မီဒီယာ၊ အများပြည်သူနှင့်<br><br>ဦးစားပေးရမည့် ရည်ရွယ်သည့်အုပ်စုများ | ကော်မရှင်တွင် ဆက်သွယ်ရေး/ မီဒီယာ ယူနစ်တစ်ရပ် ဖွဲ့စည်း တည်ထောင်ခြင်းနှင့် ဆက်သွယ်ရေး/ မီဒီယာ ကျွမ်းကျင်သူတစ်ဦး ခန့်အပ်ခြင်း<br><br>ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အကြီးတန်း အရာထမ်း များအား လေ့ကျင့် သင်တန်းပေးခြင်း<br><br>ကျယ်ပြန့်သည့် အရပ်ဘက်အဖွဲ့အစည်းများ၊ တတ်သိ ပညာရှင်များ နှင့် တိုင်ပင်ဆွေးနွေးပြီး အားပေးဆောင် ရွက်မှုလုပ်ငန်းနှင့် ဆက်သွယ်ရေးမဟာဗျူဟာ ရေးဆွဲခြင်း<br><br>ကော်မရှင်၏ ဆက်သွယ်ရေးနှင့် အားပေး ဆောင်ရွက်ရေး လုပ်ငန်း များကို ခိုင်မာစေရန် အလို့ငှာ စာရွက်စာတမ်း၊ သတင်းအချက် အလက်နှင့် အထောက်အပံ့ပေးရန်အတွက် ပညာရှင်များနှင့် သတင်းသမားများ အပါအဝင် ကျယ်ပြန့်သည့် အရပ်ဘက် အဖွဲ့ အစည်းများနှင့် အထောက်အကူပြုအဖွဲ့ တစ်ရပ် တည်ထောင်ရန်<br><br>သတင်းဆက်သွယ်ရေး/ အားပေးဆောင်ရွက်ရေးဆိုင်ရာ စာရွက် စာတမ်း များကို ရေးသား ဖြန့်ဝေခြင်း<br><br>သတင်းထုတ်ပြန်ချက်များ ပုံမှန်ထုတ်ပြန်၍ ကော်မရှင်၏ ဝက်ဘ်ဆိုဒ်တွင် တင်ခြင်းနှင့် မီဒီယာသို့ ဖြန့်ဝေခြင်း | ကော်မရှင်နှင့် လူ့အခွင့်အရေး အခြေအနေ တို့နှင့် စပ်လျဉ်း သည့် မီဒီယာတွင် ဖော်ပြ ပါရှိမှု ကို စောင့်ကြည့်ခြင်း<br><br>ကော်မရှင်၏ လူ့အခွင့်အရေး အားပေး ဆောင်ရွက်မှု အရေအတွက်နှင့် ရလဒ်များ |

## ရည်မှန်းချက် ပန်းတိုင် (၂)- လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး တို့ကို ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးယဉ်ကျေးမှုတစ်ရပ် ဖန်တီးရေး

၂.၁ ရည်ရွယ်ချက် – လူ့အခွင့်အရေးလေးစားရန်နှင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေတိုးတက် ကောင်းမွန်လာစေရန်အတွက် ကော်မရှင်၏ ပညာပေးရေးနှင့် မြင့်တင်ရေး ဆောင်ရွက်ချက်များက ပြည်သူများနှင့် အဖွဲ့အစည်းများ၏ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ နားလည်မှုနှင့် စွမ်းဆောင်ရည်တို့ တိုးမြင့်စေရန်

| မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များ | ရည်ရွယ်သည့် အုပ်စုများ (အခွင့်အရေးရရှိသူနှင့် လုပ်ဆောင်ရန်တာဝန်ရှိသူများ) | ဆောင်ရွက်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- | --- |
| နိုင်ငံသားများအနေဖြင့် အခွင့်အရေး သာမက ဆက်စပ်သည့် တာဝန်များကို ထင်ဟပ်စေမည့် လူ့အခွင့်အရေး ပညာပေးရေး မဟာဗျူဟာနှင့် နှစ်စဉ် အကောင်အထည်ဖော်ရေးစီမံချက် တို့ကို ရေးဆွဲဆောင်ရွက်ရန် | အရပ်ဘက်အဖွဲ့အစည်းများ<br><br>အစိုးရအဖွဲ့အစည်းများ<br><br>လွှတ်တော်ကိုယ်စားလှယ်များ<br><br>တတ်သိပညာရှင်များ | လူ့အခွင့်အရေးပညာပေးရေးစီမံချက် ရေးဆွဲရာတွင်အရပ်ဘက် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ တတ်သိပညာရှင်များနှင့်ညှိနှိုင်းခြင်း<br><br>လူ့အခွင့်အရေးပညာပေးခြင်းဆိုင်ရာ နှစ်စဉ်လုပ်ငန်းစီမံချက် ရေးဆွဲရာတွင် အောက်ပါတို့ ပါဝင်လျက်ရေးဆွဲခြင်း<br>• ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တတ်သိပညာရှင်များအတွက် လေ့ကျင့်သင်တန်းပေးရေးနှင့် အသိပညာပြန့်ပွားရေးအစီအစဉ်<br>• ကော်မရှင်၏ လူ့အခွင့်အရေး အသိပညာပြန့်ပွားရေး ဆောင်ရွက်သူများအတွက် သင်တန်းသားဗဟိုပြု သက်ကြီးပညာရေး ခေတ်မီနည်းစနစ်များဖြင့် ပို့ချသည့် သင်တန်းများ<br>• မီဒီယာနှင့် ပုံမှန်တွေ့ဆုံခြင်း | မဟာဗျူဟာများ၊ စီမံချက်များနှင့် အကောင်အထည်ဖော်မှုအစီရင်ခံစာများကို ထုတ်ဝေခြင်း<br><br>ကော်မရှင်၏နှစ်ပတ်လည် အစီရင်ခံစာတွင် ဆောင်ရွက်ချက်များနှင့် အကဲဖြတ်ချက်များ ထည့်သွင်းဖော်ပြခြင်း |
| ကျောင်းသင်ရိုးညွှန်းတမ်းတွင် လူ့အခွင့်အရေး ဘာသာရပ် ထည့်သွင်းရန် | ပညာရေးဝန်ကြီးဌာန<br><br>နိုင်ငံတော်အစိုးရ<br><br>လွှတ်တော်<br><br>လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများ | ကျောင်းသင်ရိုးညွှန်းတမ်းတွင် လူ့အခွင့်အရေးဘာသာရပ် ထည့်သွင်းရန် ပညာရေးဝန်ကြီးဌာနနှင့် လုပ်ဆောင်ခြင်း<br><br>သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ပံ့ပိုးပေးရန် တတ်သိပညာရှင်များ၊ ဆရာ/ဆရာမ အသင်းအဖွဲ့များနှင့် ကျွမ်းကျင်သူများ၏ ပံ့ပိုးမှုရယူခြင်း<br><br>ကျယ်ပြန့်သော အရပ်ဘက်အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များနှင့် ပူးပေါင်း၍ အားပေးဆောင်ရွက်ခြင်း | |

| | | | |
|---|---|---|---|
| ကွဲပြားသောဦးတည်အုပ်စုများအတွက် မြန်မာနိုင်ငံရှိ အဓိကဘာသာစကားအားလုံး နှင့် မတူကွဲပြားသည့် ပုံစံများဖြင့် လူ့အခွင့်အရေးပညာပေးရေး စာရွက် စာတမ်းများ ရေးဆွဲပြုစုရန် | တပ်မတော်၊<br><br>ရဲတပ်ဖွဲ့၊<br><br>တရားရေး၊<br><br>အများပြည်သူ၊<br><br>ကလေးသူငယ်များ၊<br><br>လူငယ်များ၊<br><br>မသန်စွမ်းသူများ၊<br><br>ပဋိပက္ခဒေသများမှ ပြည်သူများနှင့်<br><br>IDP များ | တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ကျေးရွာ/ရပ်ကွက်ရှိပြည်သူများအားအောက်ပါနည်းလမ်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း<br><br>• မြို့နယ်များနှင့် ကျေးရွာများရှိ ပြည်သူများအတွက် ကော်မရှင်၊ အရပ်ဘက်အဖွဲ့အစည်း၊ သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ လွှတ်တော်ကိုယ်စားလှယ်များက ကျင်းပသည့် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ<br><br>• တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များရှိ အစိုးရအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံ သင်တန်းများ၊<br><br>• အများပြည်သူအတွက် အခြေခံနှင့် အဆင့်မြင့် လူ့အခွင့်အရေးသင်တန်းများ<br><br>• ဒေသဆိုင်ရာ CRC၊ CEDAW နှင့် CRPD ကော်မတီများအတွက် အလုပ်ရုံ ဆွေးနွေးပွဲများ<br><br>• လူ့အခွင့်အရေးဆိုင်ရာ ဆရာဖြစ် သင်တန်းများ<br><br>• ဗဟိုဝန်ထမ်းတက္ကသိုလ်၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်၊ တပ်မတော်သင်တန်း ကျောင်းများ၊ ရဲသင်တန်းကျောင်းများနှင့် ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်ရှိ သင်တန်းကျောင်းများ တွင် လူ့အခွင့်အရေး သင်ခန်းစာ ပို့ချခြင်း<br><br>• အများပြည်သူ အသိပညာပြန့်ပွားရေးအတွက် ရုပ်သံ အထောက်အကူပစ္စည်းများ ထုတ်လုပ်ခြင်း<br><br>• အပြည်ပြည်ဆိုင်ရာနေ့များ ကျင်းပခြင်းအားဖြင့် လူမှု အသိုက်အဝန်းအတွင်း၌ အသိပညာ ပြန့်ပွားစေခြင်း<br><br>• UDHR နှင့် အခြားလူ့အခွင့်အရေး စာရွက်စာတမ်း များကို အဓိက တိုင်းရင်းသားဘာသာစကားများသို့ ဘာသာ ပြန်ဆိုခြင်းနှင့် ဖြန့်ဝေခြင်း၊ | ကဏ္ဍတစ်ခုစီအတွက် ဆောင်ရွက်ထားမှု အရေအတွက်<br><br>ဆောင်ရွက်ချက်များနှင့် ရလဒ်များ ပါရှိသည့် အစီရင်ခံစာ အကျဉ်းချုပ်များ<br><br>နှစ်ပတ်လည်အစီရင်ခံစာတွင် ပြီးစီးသည့် ဆောင်ရွက်ချက် များအပေါ် အကဲဖြတ် ခြင်းများ ပါဝင်ခြင်း |

| | | | |
|---|---|---|---|
| ကျောင်းများတွင်  လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ ပြိုင်ပွဲများကျင်းပရန် | ကျောင်းသူ ကျောင်းသားများ | • ကျောင်းများတွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ပန်းချီ၊ စာစီစာကုံး၊ ကဗျာ၊ ကျပန်း စကားပြောနှင့် သီချင်း ပြိုင်ပွဲများ ကျင်းပခြင်း<br>• ကော်မရှင်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဌာနခွဲ ဖွဲ့စည်းထားရှိခြင်း | ကျောင်းများတွင် ကျင်းပသည့် ပြိုင်ပွဲ အရေအတွက်<br><br>နှစ်ပတ်လည်အစီရင်ခံစာတွင် ကျောင်းများနှင့်ထိတွေ့ ဆောင်ရွက်ချက် များအပေါ် အကဲဖြတ်ခြင်းများ ပါဝင်ခြင်း<br><br>ကော်မရှင်တွင် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာဌာနခွဲ ထားရှိခြင်း |

## ရည်မှန်းချက် ပန်းတိုင် (၃)- မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးဖောက်ဖျက်မှုများ လျှော့ချရေး

၃.၁ ရည်ရွယ်ချက်- ကော်မရှင်၏ တိုင်တန်းချက်များလက်ခံရေးနှင့် စောင့်ကြည့်လေ့လာရေးကို ဦးတည်သည့် ထိရောက်သော ဆောင်ရွက်ချက်များသည် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးနှင့် လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများလျှော့ချရေးတို့အတွက် အထောက်အကူဖြစ်စေရန်

| မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များ | ရည်ရွယ်သည့် အုပ်စုများ (အခွင့်အရေးရရှိသူနှင့် လုပ်ဆောင်ရန်တာဝန်ရှိသူများ) | ဆောင်ရွက်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- | --- |
| စနစ်တကျစောင့်ကြည့်လေ့လာရေးအတွက် သွားရောက် ကြည့်ရှုစစ်ဆေးရန် | • အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းများ<br>• ဘိုးဘွားရိပ်သာများ<br>• IDP စခန်းများ<br>• ယောက်ျားလေး/ မိန်းကလေး လေ့ကျင့်ရေးသင်တန်းကျောင်း များနှင့် မိဘမဲ့ ဂေဟာများ<br>• စိတ်ကျန်းမာရေးဆေးရုံများ<br>• ပဋိပက္ခဖြစ်ပွားသည့်နေရာ ဒေသများ | ကြည့်ရှုစစ်ဆေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း<br><br>သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ သုံးသပ်ချက်များနှင့် အကြံပြု ချက်များပေးပို့ ခြင်း<br><br>အာဏာပိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံ ဆွေးနွေးခြင်း သက်ဆိုင်ရာလွှတ်တော်ကော်မတီများကလက်ခံရရှိသော တိုင်တန်း ချက်များကို စုံစမ်းစစ်ဆေးရန်အတွက် ကော်မရှင်က ၎င်းတို့နှင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက် ခြင်း<br><br>ဥပဒေဆိုင်ရာစာချုပ်စာတမ်းများကိုပြင်ဆင်ရန်အကြံပြု တိုက်တွန်းခြင်း (အကျဉ်းထောင် လက်စွဲ) | ကော်မရှင်၏စောင့်ကြည့် လေ့လာ/သွားရောက်ကြည့်ရှု စစ်ဆေးခြင်းမှ တွေ့ရှိချက် များအပေါ်အကြံပြုတိုက် တွန်း ချက်များကိုပိုမို၍ လက်ခံလာခြင်းနှင့် အကောင်အထည်ဖော် လာခြင်း |
| ကြီးမားကျယ်ပြန့်သော လူ့အခွင့်အရေး ဖောက်ဖျက်မှု များကို ပြည်သူ့စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်နှင့် အများ ပြည်သူသို့ အစီရင်ခံရန် | ပဋိပက္ခကြောင့် ထိခိုက်နစ်နာသူများ၊ အလုပ်သမားများ၊ လယ်သမားများ၊ တောင်သူများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ | ကျယ်ပြန့်သောအရပ်ဘက်အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ နှင့် တိုင်ပင်ဆွေးနွေး၍ သီးခြား လူ့အခွင့်အရေးကိစ္စရပ်များနှင့် ရွေးချယ်ထားသော ကိစ္စရပ်များကို စိစစ်သုံးသပ်ခြင်း | တိုင်တန်းသူများနှင့် တိုင်တန်းခံရသူများ အပါအဝင် တိုင်တန်းချက် များတွင် ပါဝင်သူများနှင့် ပတ်သက်သည့်လေ့လာ ဆန်းစစ်ချက်ရလဒ်များ |

| | | | |
|---|---|---|---|
| လက်ရှိဆောင်ရွက်လျက်ရှိသော တိုင်တန်းချက် စုံစမ်း စစ်ဆေးရေး လုပ်ငန်းစဉ်များကို သုံးသပ်ရန်နှင့် တိုင်တန်းသူများအတွက် ပိုမိုအဆင်ပြေလွယ်ကူပြီး ယုံကြည်မှုရှိစေမည့် အစီအစဉ်တစ်ရပ်ရေးဆွဲဆောင်ရွက်ရန် | ပဋိပက္ခဖြစ်ပွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူ့အခွင့်အရေး ဖောက်ဖျက်ခံရသည့် ဦးစားပေးသတ်မှတ်ခြင်းခံရသူများ | လူကိုယ်တိုင်ဖြစ်စေ၊ စာ၊ အီးမေးလ်၊ ဝက်(ဘ်)ဆိုက် ဖြင့်ဖြစ်စေ လက်ခံရရှိသောတိုင်ကြားစာနှင့်မီဒီယာတွင် ထုတ်ပြန်ထားသော လူ့အခွင့်အရေးအခြေအနေများကို စုံစမ်းစစ်ဆေးခြင်း၊ အလျင်အမြန် အရေးယူရန် လိုအပ်ပါက ကွင်းဆင်းစစ်ဆေးခြင်း | အချိန်မီဖြေရှင်းဆောင်ရွက်ပြီးသော တိုင်တန်းချက် အချိုးအစား ပမာဏ |
| လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများ လျှော့ချရန် ကြိုးပမ်းမှုကို အထောက်အကူပေးနိုင်သည့် အဓိက သက်ဆိုင်သူများနှင့် နီးကပ်စွာနှင့် စနစ်တကျ ဆက်လက်ထိတွေ့ဆောင်ရွက်နိုင်စေမည့် ယန္တရားတစ်ရပ်တည်ထောင်ရန် | လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရအရာထမ်းများ၊ မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းများ | အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် နားလည်မှုစာချွန်လွှာများ(MOUs) လက်မှတ် ရေးထိုးခြင်း<br><br>ပြည်သူများ၏ လူ့အခွင့်အရေးကို တိုက်ရိုက်ထိပါးစေနိုင်သည့် အစိုးရအေဂျင်စီများကို ဦးစားပေး ဆောင်ရွက်ခြင်း | သက်ဆိုင်သူများနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးတက်လာခြင်း |
| ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များအား အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်မှုကို စောင့်ကြည့်ရန်အတွက် ယန္တရားတစ်ရပ် တည်ထောင်ရန် | လွှတ်တော်ကိုယ်စားလှယ်များ၊ မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရအရာထမ်းများ | အကြံပြုချက်များအားအချိန်နှင့်တပြေးညီထိရောက်စွာ အကောင် အထည်ဖော်နိုင်ရန်အတွက် အစိုးရ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ လွှတ်တော် ကော်မတီများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း | ကော်မရှင်၏ အကြံပြုချက်များအားအစိုးရ အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်မှု တိုးမြင့်လာသည့်ရာခိုင်နှုန်း |
| လူ့အခွင့်အရေးဖောက်ဖျက်ခံရမှု အချက်အလက်များအား ကွန်ပျူတာတွင်မှတ်တမ်းတင်သည့်စနစ် တည်ထောင်ရန် | ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများ | လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးခြင်းတို့အပါအဝင် အချက်အလက်များအား စနစ်တကျ မှတ်တမ်းတင်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း | စုဆောင်းထားသော အချက်အလက်များပါရှိသည့်အစီရင်ခံစာများကို တစ်နှစ်လျှင် (၂) ကြိမ် ထုတ်ဝေခြင်း |
| စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး ဘာသာရပ် ကဲ့သို့သော အနာဂတ်တွင် သက်ဆိုင်မည့် ဘာသာရပ်များ အပါအဝင် မြန်မာနိုင်ငံအတွက် အမျိုးသား လူ့အခွင့်အရေးရေး့လုပ်ငန်းစဉ် တစ်ရပ် ရေးဆွဲရေး ညှိနှိုင်းဆောင်ရွက်ရန် | နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများ | အစိုးရအဖွဲ့အစည်းများနှင့် တတ်သိပညာရှင်များ၊ အလုပ်သမား အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းအသိုက်အဝန်း စသည်တို့ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကျယ်ပြန့် ထိရောက်စွာ တိုင်ပင်ဆွေးနွေးခြင်း<br><br>အစိုးရကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့်ညှိနှိုင်း၍ အမျိုးသားလူ့အခွင့်အရေးရေး့လုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း | |

## ၃.၂ ရည်ရွယ်ချက် – အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအခြေခံမူများနှင့် စံနှုန်းများကိုပြည်တွင်းဥပဒေများ၊ မူဝါဒများနှင့် အစီအစဉ်များတွင် ထည့်သွင်းရန်

| မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များ | ရည်ရွယ်သည့် အုပ်စုများ (အခွင့်အရေးရရှိသူနှင့် လုပ်ဆောင်ရန်တာဝန်ရှိသူများ) | ဆောင်ရွက်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- | --- |
| လူ့အခွင့်အရေးနှင့် စပ်လျဥ်း၍ ဥပဒေပြုရေး၊ အုပ်ချုပ် ရေးနှင့် တရားစီရင်ရေးတို့သို့ အကြံပြုချက်များ တင်ပြရန် | ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး | • မတူကွဲပြားသော အကြောင်းကိစ္စများအတွက် တတ်သိ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ကျယ်ပြန့်သည့် အရပ်ဘက် အဖွဲ့အစည်းများ၏ သင့်လျော်သကဲ့သို့ ပံ့ပိုးမှုဖြင့် ဥပဒေများ၊ မူဝါဒအဆိုပြုချက်များနှင့် အစီအစဉ်များကို သုံးသပ် တင်ပြခြင်း<br>• အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း | လူ့အခွင့်အရေး စံနှုန်းများ၊ အခြေခံမူများနှင့်ညီသော ပြည်တွင်းဥပဒေများ တိုးတက်လာမှု ရာခိုင်နှုန်း |

## ရည်မှန်းချက် ပန်းတိုင် (၄)- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များသို့ ပါဝင်ချုပ်ဆိုခြင်းမှတစ်ဆင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး

### ၄.၁ ရည်ရွယ်ချက်- မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များကို ပြည်တွင်း၌ ထိရောက်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများခိုင်မာစေရန်

| မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များ | ရည်ရွယ်သည့် အုပ်စုများ (အခွင့်အရေးရရှိသူနှင့် လုပ်ဆောင်ရန်တာဝန်ရှိသူများ) | ဆောင်ရွက်ချက်များ | အညွှန်းကိန်းများ |
|---|---|---|---|
| မြန်မာနိုင်ငံက အတည်ပြုချုပ်ဆို/ နောက်မှ ပါဝင် ချုပ်ဆိုခြင်းမပြုရသေးသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို လေ့လာသုံးသပ်ရန် | နိုင်ငံတော်အစိုးရ | • ICCPR နှင့် UNCAT စာချုပ်များကို ဦးစားပေး ဆောင်ရွက်ခြင်း<br>• UNCAT သို့ နောက်မှပါဝင်ချုပ်ဆိုရန် နိုင်ငံတော်အစိုးရ သို့ အကြံပြုတင်ပြခြင်း<br>• ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်<br>• ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင်နောက်မှပါဝင်ချုပ်ဆိုရန် နိုင်ငံတော်အစိုးရအား အကြံပြု တိုက်တွန်းခြင်း | ကော်မရှင်၏ အကြံပြု တိုက်တွန်းချက်နှင့် အမြင်များကို လွှတ်တော်နှင့် နိုင်ငံတော် အစိုးရတို့က စဉ်းစားလက်ခံ၍ အတည်ပြု ချုပ်ဆိုခြင်း |
| အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များသို့ အတည်ပြုချုပ်ဆိုရေးအတွက် နိုင်ငံတော်အစိုးရနှင့် အစိုးရအရာထမ်းများ၏ ထောက်ခံမှုရရှိရေး ဆောင်ရွက်ရန် | နိုင်ငံတော်အစိုးရ | မတူကွဲပြားသော အကြောင်းကိစ္စများအတွက် တတ်သိပညာရှင် များ၊ ကျွမ်းကျင်သူများနှင့် ကျယ်ပြန့်သည့် အရပ်ဘက် အဖွဲ့အစည်းများ၏ သင့်လျော်သကဲ့သို့ ပံ့ပိုးမှုဖြင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ပံ့ပိုးမှုနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း အားဖြင့် နိုင်ငံတော်အစိုးရ၊အစိုးရအရာထမ်းများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအား အားပေး ထောက်ခံခြင်း | ကော်မရှင်၏ အကြံပြု တိုက်တွန်းချက်နှင့် အမြင်များကို လွှတ်တော်နှင့် နိုင်ငံတော် အစိုးရတို့က စဉ်းစားလက်ခံ၍ အတည်ပြု ချုပ်ဆိုခြင်း |

## ရည်မှန်းချက် ပန်းတိုင် (၅)- နိုင်ငံတကာလူ့အခွင့်အရေးယန္တရားများ၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ခြင်းမှတစ်ဆင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး

၅.၁ ရည်ရွယ်ချက်-မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့ ပိုမိုအားကောင်းလာစေရန်အတွက် နိုင်ငံတကာလူ့အခွင့်အရေး ယန္တရားများ၊ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းရန်၊ ထိတွေ့ ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်

| မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များ | ရည်ရွယ်သည့် အုပ်စုများ (အခွင့်အရေးရှိသူနှင့် လုပ်ဆောင်ရန်တာဝန်ရှိသူများ) | ဆောင်ရွက်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- | --- |
| | လွှတ်တော်ကိုယ်စားလှယ်များ၊<br>အစိုးရ အရာထမ်းများ၊<br>အရပ်ဘက်အဖွဲ့အစည်းများမှ<br>ပုဂ္ဂိုလ်များ နှင့် တတ်သိပညာရှင်များ | မြန်မာနိုင်ငံနှင့်စပ်လျဉ်းသော UPR လုပ်ငန်းစဉ်နှင့် အထူးလုပ်ငန်း စဉ်များအား အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများအားသတင်း မျှဝေခြင်း<br><br>အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဓိကပုဂ္ဂိုလ်များကို UPR လုပ်ငန်းစဉ်နှင့် အထူးလုပ်ငန်းစဉ်တို့ကို လည်းကောင်း၊ အဆိုပါကိစ္စရပ်များတွင်ထိတွေ့ဆောင်ရွက်ချက်များကိုလည်းကောင်း လေ့ကျင့်ပညာပေးခြင်း၊<br><br>နိုင်ငံတော်အစိုးရက အကြံပြုတိုက်တွန်းချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင်ပါဝင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော် အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသော အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ရန် အားပေး ထောက်ခံခြင်း<br><br>ကျယ်ပြန့်သောအရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့ ဆောင်ရွက် ခြင်းမှတစ်ဆင့် အမျိုးသားအစီရင်ခံစာတွင် အရပ်ဘက်အဖွဲ့အစည်း များ၏ ထင်မြင်ယူဆချက်များနှင့် ဦးစားပေးမှုများကို ထင်ဟပ်စေ ရန် ကော်မရှင်က ပံ့ပိုးခြင်း<br><br>ကော်မရှင်က UPR လုပ်ငန်းစဉ်အတွက် ၎င်း၏ လွတ်လပ်သော အစီရင်ခံစာ တင်သွင်းခြင်း | ကော်မရှင်အနေဖြင့် UPR လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် သတ်မှတ်ရက် အတိုင်း အချိန်မီ ဆောင်ရွက်နိုင်ခြင်း၊ သက်ဆိုင်ရာ အထူးလုပ်ငန်း စဉ်များ၊ အစီရင်ခံစာ တင်သွင်းသူများနှင့် လုပ်ငန်းအဖွဲ့များအား ပံ့ပိုး ဆောင်ရွက်နိုင်ခြင်း |

| | | | |
|---|---|---|---|
| ကုလသမဂ္ဂ လူ့အခွင့်အရေးစာချုပ်ဆိုင်ရာ အဖွဲ့အစည်း များနှင့် ထိတွေ့ ဆောင်ရွက်ရန် | လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရ အရာထမ်းများ၊ အရပ်ဘက်အဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များနှင့် တတ်သိပညာရှင်များ | မြန်မာနိုင်ငံနှင့် စပ်လျဉ်းသော လူ့အခွင့်အရေး စာချုပ်စာတမ်း အဖွဲ့အစည်းများနှင့်၎င်းတို့၏လုပ်ငန်းစဉ်များအား နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်အဖွဲ့ အစည်းများအား သတင်းမျှဝေခြင်း<br><br>နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဓိက ပုဂ္ဂိုလ် များအား ကုလသမဂ္ဂလူ့အခွင့်အရေး စာချုပ်စာတမ်း အဖွဲ့အစည်း များကိုလည်းကောင်း၊ အဆိုပါကိစ္စရပ်များတွင် ထိတွေ့ ဆောင်ရွက် ချက်များကို လည်းကောင်း လေ့ကျင့်ပညာပေးခြင်း<br><br>မတူကွဲပြားသော အကြောင်းကိစ္စများအတွက် တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ကျယ်ပြန့်သည့်အရပ်ဘက် အဖွဲ့အစည်း များနှင့် သင့်လျော်သကဲ့သို့ ပူးပေါင်း၍ ကွဲပြားသော လူ့အခွင့် အရေးစာချုပ် အဖွဲ့အစည်းများ၏ အပြီးသတ်လေ့လာ သုံးသပ် ချက်များကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ရာတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်အစိုးရက အကောင်အထည် ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသော လေ့လာသုံးသပ်ချက်များကို အကောင်အထည်ဖော်ရန် အားပေးထောက်ခံခြင်း | နှစ်စဉ်ထုတ်ဝေသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်အဖွဲ့ အစည်းများ၏ အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း သည့် အကောင်အထည်ဖော်ရေး အစီရင်ခံစာကို စောင့်ကြည့်လေ့လာခြင်း |
| နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး အစည်း အဝေးများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် | GANHRI<br>APF<br>SEANF | နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး အစည်းအဝေးများ တက်ရောက်ခြင်း<br><br>အဆိုပါအစည်းအဝေးများမှ ထွက်ပေါ်လာသော ရလဒ်များ၊ ဆုံးဖြတ်ချက်များ ပါရှိသည့် အစီရင်ခံစာအကျဉ်းချုပ်များကို လွှတ်တော်နှင့် အများပြည်သူတို့သို့ တင်ပြခြင်း | တက်ရောက်ခဲ့သော အစည်းအဝေး အရေအတွက်<br><br>အဆိုပါအစည်းအဝေးများနှင့် စပ်လျဉ်း၍ ကော်မရှင်က ထုတ်ပြန်ခဲ့သော အစီရင်ခံစာ အရေအတွက် |

## ရည်မှန်းချက် ပန်းတိုင် (၆)-မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အဆင့်အားလုံးတွင် အရည်အချင်းပြည့်ဝပြီး လုပ်ငန်းအပေါ် သစ္စာရှိသည့် ဝန်ထမ်းများပါဝင်သည့် ဝန်ထမ်းအဖွဲ့တစ်ရပ် ဖြစ်ပေါ်လာစေရေး

### ၆.၁ ရည်ရွယ်ချက်- အရည်အချင်းပြည့်ဝပြီး လုပ်ငန်းအပေါ်သစ္စာရှိသော ဝန်ထမ်းကောင်းများရရှိစေရန် ရွေးချယ်ခန့်အပ်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း

| မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များ | ရည်ရွယ်သည့် အုပ်စုများ (အခွင့်အရေးရရှိသူနှင့် လုပ်ဆောင်ရန်တာဝန်ရှိသူများ) | ဆောင်ရွက်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- | --- |
| ထိရောက်သော လူ့စွမ်းအားအရင်းအမြစ် မူဘောင်နှင့် အစီအစဉ်တို့ကို ရေးဆွဲဆောင်ရွက်ခြင်း | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဝန်ထမ်းအားလုံး | ရုံးလုပ်ငန်း ကျွမ်းကျင်မှု၊ သတင်းအချက်အလက် နည်းပညာ ကျွမ်းကျင်မှု၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာကျွမ်းကျင်မှု၊ အင်္ဂလိပ် ဘာသာစကားတတ်ကျွမ်းမှုနှင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဗဟုသုတတို့ကို ဦးစားပေးသည့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် လုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း | ကော်မရှင်အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် တိုးတက် မြင့်မားလာခြင်း<br><br>ကော်မရှင်၏ ဆောင်ရွက်ချက် စွမ်းရည် တိုးတက် မြင့်မားလာခြင်း<br><br>တစ်ဦးချင်း၏ လုပ်ဆောင်ချက် တိုးတက်လာခြင်း |
| ၂၀၂၃ ခုနှစ်တွင် အရည်အချင်းပြည့်မီသည့် ဝန်ထမ်း အရေအတွက် ၃၀၅ ဦးအထိ ခန့်အပ်ရန်နှင့် လုပ်ငန်း ခွင်၌ တည်မြဲစေရန် | ကော်မရှင်အဖွဲ့ဝင်များနှင့် အကြီးတန်း စီမံခန့်ခွဲသူ ဝန်ထမ်းများ | ဝန်ထမ်းတစ်ဦးချင်းအတွက် လုပ်ငန်းသတ်မှတ်ချက်များ၊ တာဝန်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရေးဆွဲ သတ်မှတ်ခြင်း<br><br>သတ်မှတ် တာဝန်နှင့်လုပ်ငန်းများနှင့် လူ့အခွင့်အရေး ဗဟုသုတတို့အတွက် လေ့ကျင့် သင်ကြားပေးခြင်း<br><br>ဝန်ထမ်းအရေးအတွက် တိုးတက်မှုကို အခြေပြု၍ လိုအပ်သည့် ရုံးသုံးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း သင့်လျော်သော လစာ၊ ခံစားပိုင်ခွင့်၊ လူမှုဖူလုံရေး၊ သက်သာချောင်ချိရေးနှင့် ဝန်ထမ်းတိုးတက်ရေးတို့အတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း<br><br>ဝန်ထမ်းများ သက်သာချောင်ချိရေး လုပ်ငန်းစဉ်များ ခေတ်မီစေရေး၊<br><br>ဝန်ထမ်းများ၏စွမ်းဆောင်ရည် ကျွမ်းကျင်မှုကို အသိအမှတ်ပြုပေးခြင်း | လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေး၊ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များတွင် ဝန်ထမ်းများက ပိုမို၍ တာဝန်ယူလာကြခြင်း<br><br>ကော်မရှင်က ကြော်ငြာသော ရာထူးများတွင် ကောင်းစွာ အရည်အချင်းပြည့်မီပြီး အတွေ့အကြုံရှိသည့် ဝန်ထမ်းလျှောက်ထားမှု လုံလောက်သည့် အရေအတွက် ရှိခြင်း |

| | | | |
|---|---|---|---|
| ကော်မရှင်၏ မဟာဗျူဟာစီမံကိန်းနှင့် အစီအစဉ်များကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ အကောင်အထည်ဖော်ရာ တွင်လည်းကောင်း၊ စောင့်ကြည့်လေ့လာ ရာတွင် လည်းကောင်း၊ ဝန်ထမ်းပိုမို ပါဝင် ပတ်သက်လာစေရန် | ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ | ပုံမှန် ဝန်ထမ်းအစည်းအဝေးများ<br><br>ကော်မရှင်၏ နှစ်စဉ်လုပ်ငန်းစီမံချက်ကို စီမံချက်ပါ ဆောင်ရွက်ရမည့် အချက်များနှင့် စောင့်ကြည့်သုံးသပ်မှု များအတွက် ရက်သတ်မှတ်ချက်နှင့်အတူ ထုတ်ဝေခြင်း | ဝန်ထမ်းအားလုံး၌ ကော်မရှင်၏ မဟာ ဗျူဟာ စီမံကိန်း ရည်မှန်းချက်များ နှင့် ဆက်စပ်သည့် တစ်ဦး ချင်း၏ နှစ်စဉ် လုပ်ငန်း စီမံချက်များရှိကြခြင်း |
| လိုအပ်သော ငွေကြေးအရင်းအမြစ်များကို နိုင်ငံတော် ဘတ်ဂျက်မှရရှိရေးနှင့် နည်းပညာအကူအညီကို နိုင်ငံတကာ မိတ်ဘက်များထံမှ ရရှိရေးအတွက် တက်ကြွစွာ ထိတွေ့ ဆောင်ရွက်ရန် | လွှတ်တော်၊<br><br>နိုင်ငံတော်အစိုးရနှင့်<br><br>နိုင်ငံတကာ မိတ်ဘက် အဖွဲ့အစည်းများ | အဆိုပြုဘတ်ဂျက်ပါဝင်သည့် နှစ်စဉ်လုပ်ငန်းစီမံချက် ရေးဆွဲ ဆောင်ရွက်ခြင်း<br><br>လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက် ရေးလုပ်ငန်း များတွင် ဘဏ္ဍာငွေအရင်းအမြစ် ပိုမိုရရှိရေးအတွက် နိုင်ငံတော် အစိုးရနှင့် လွှတ်တော်တို့အား အားပေးဆောင်ရွက်ခြင်း | လူ့အခွင့်အရေးမြှင့်တင်ရေး နှင့် ကာကွယ် စောင့်ရှောက် ရေးလုပ်ငန်းများနှင့် ပြည်နယ်၊ တိုင်းရုံးခွဲ အသစ်များအတွက် လိုအပ်သော ဘဏ္ဍာငွေ တိုးမြှင့်ရရှိခြင်း |



မဟာဗျူဟာစီမံကိန်း ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ကြသည့် ကော်မရှင်အဖွဲ့ဝင်များ၊
ဝန်ထမ်းများနှင့် APF နှင့် UNDP မှ ကျွမ်းကျင်သူများ

Members and staff of the MNHRC and experts from APF and UNDP who participated in the drafting of the Strategic Plan



မဟာဗျူဟာစီမံကိန်း ရေးဆွဲနေကြခြင်း

Developing the Strategic Plan